# ဒေါက်တာဘမော်အကြောင်းသိကောင်းစရာ

ဆရာနန်းညွန့်ဆွေ၏အမှီပတိကြီး ဒေါက်တာဘမော်၏အာဏာရှင်ဘဝ တာကာလ၌၊ စင်မြင့်ပေါ်ကလှုပ်ရှားခဲ့ပုံများကိုပွဲကြည့်ပရိသတ်တဦးအမြင်ဖြင့် တစေ့တစောင်းတွေ့မြင်ခဲ့ရပုံများကိုမှတ်တမ်းပြုစုထားသည်ကိုဘတ်ရသောအခါ စာရေးသူအား ဒီလိုဂရုတစိုက်မှတ်တမ်းပြုစုထားတဲ့ပညာရှင်တွေလဲရှိပါသေးကလား ဟုဝမ်းမြောက်အားတက်မိပါသည်။

ဆရာ့စာ၏အဆုံး၌ပါဝင်ဆွေးနွေးလိုသူများထံမှ ဘိတ်ခေါ်ထားချက်အရ အောက်ပါဖြည့်စွက်ချက်တို့ကိုတင်ပြလိုက်ရပါသည်။ စာရေးသူအသက် ၈၀ ကျော်နေပါပြီ။ သူ့ကိုစတင်သိခဲ့စဉ်က အသက် ၂၀ ပင်မပြည့်ခဲ့သေးပါ။ သူ့အနီးမှ ရောက်ပြီး သူ့အဘွားကြီးကို၊ မီးသဂြိုဟ်သည့်စက်ထဲသို့ထည့်သွင်းသည်အထိဆက်ဆံလာခဲ့ရသူပါ။

သူ့အကြောင်းဖော်ပြရာ၌ လူသာမန်တို့ထက် တမှတ်သာသည့်။ ပညာအရည်အချင်းနှင့်စရိုက်တို့ကိုသာဖော်ပြပါမည်။ လူသိလဲအလွန်နည်းပါးရုံမက မှတ်တမ်းတင်ပြီးလည်းမရှိခဲ့သေးပါ။

သူ့အင်္ဂလိပ်ကိုမွှတ်နေအောင်တတ်ကျွမ်းသည်ကိုလူအားလုံးလိုလိုက၊ သိထားကြပါသော်လည်း ပြင်သစ်လို၊ ဂျာမန်လို၊ အခေါင်အဖျားအထိတတ်ကျွမ်းသည်ကို တော့လူသိနည်းလှပါသည်။ သူ့ကိုဘီလစ်ပြန်ဝတ်လုံတယောက်အနေနှင့်သာသိထားကြသော်လည်း (တရားခွင်တွင်) တရားသူကြီးနှင့်တကွ၊ တဘက်ရှေ့နေကြီးများကပါ တလေးတစားဆက်ဆံရုံမကသေးပါ။ ဆရာကြီးကျွန်တော်တို့ကို (ပညာပေးခဲ့ပါ) ဟု အခါများစွာမေတ္တာရပ်ခံကြပါသည်။

ရှေ့နေလိုက်ရာ၌ တရားခံဘက်ကချည်းလိုက်ပါသည်။ အထူးသဖြင့် ပုန်ကန်မှု၊ သူပုန်မှုတို့တွင်လိုက်ပါရန်ဝါသနာကြီးပါသည်။ စံတင်လောက်သော ထူးထူးခြားခြားအမှုကြီးများကိုလည်း သိမိသမျှဖော်ပြပါမည်။ နိုင်ငံရေးသမားကောင်းအလွန်ပြီသပါသည်။ သက်မွေးဝမ်းကျောင်းပညာပြည့်စုံပြီးနောက်မှ၊ နိုင်ငံရေးလောကထဲဝင်လာပါသည်။ ငွေကြေးဥစ္စာဓနကိုမက်မောခြင်းမရှိပါ။

နိုင်ငံရေးသတ္တိအလွန်ကောင်းပါသည်။ ခံစရာရှိလျှင်ရဲရဲခံ ဝံ့ဝံ့ ရဲရဲကြီးခုတ်လေ့ရှိပါသည်။ သာမန်ပုန်ကန်မှုမဟုတ်ပဲ၊ စစ်ရုံး သူတို့အပြည့်ပြည့်ဆိုင်ရာ စစ်ခုံရုံးတွင်စစ်တရားခံအဖြစ်နှင့်ထုချေရမည်ကိုကောင်းစွာသိပါလျက်နှင့် လုပ်ခဲ့ပါသည်။ စစ်ကြိုခေတ်ကနိုင်ငံရေးပါတီအားလုံးက၊ ဂျာမန်ကိုကြိုဆိုခဲ့ကြပြီး ရောက်လာသောဂျာမန်ကချေးတစ်ဆွဲသောအခါ၊ သူ့အားပေါ်သာပုံချသော်လည်း အခြားမည်သူ့ကိုမှမှုပြီး ဝေစုမပေးခဲ့ပါ။ တရားခံတို့လာခါမှဖြင့် ~~အဆင်~~ အမှု ပေါ်လိမ့်မည်မဟုတ်သည်ကိုကောင်းစွာသိသဖြင့် ရဲရဲကြီးတဦးတည်းတာဝန်ယူခဲ့ပါသည်။ နိုင်ငံရေးရဲဘော်စိတ်အပြည့်ရှိသူပါ။

လွတ်လပ်ရေး ရပြီး နောက်နှစ်ပေါင်း ၅၀ ကျော်လာသည့်အထိ လယ်သမား အလုပ်သမား အောက်ဆုံး အလွှာက ကျောမွဲတို့စား ဝတ်နေရေး ဒုက္ခတွေပင်လယ်ဝေနေရ လောက် အောင် အဖြစ်ဆိုးကြီး ကိုဆိုက် ရောက်နေရသည့်အကြောင်း ရင်းကြီး တခုကိုသာလက်ညှိုး ထိုး ပြပါဆိုလျှင်၊ နိုင်ငံရေး သမား အချင်းချင်း ၊ လေး စား ရကောင်း မှန်း မသိသောအချက်သည် အဓိကအကြောင်း ရင်း ကြီး သာဖြစ်သည်ဟုဆိုပါရစေ၊ ဝေနေယျအကျိုး ကို ဆောင်ရွက်လိုသူနိုင်ငံရေး သမား ဖြစ်ချင်သူတိုင်း ၊ ရှေး ဦး စွာ မိမိသည် လူသာမန်ကိုထက်အဘက်ဘက်က၊ လက်တလုံး သာ အောင်ကြိုး စား ပြီး ၊ မိမိအား မှီခိုသူအိမ် ထောင်စုအတွက် ပါဖူလုံ အောင် (သက် မွေး ဝမ်း ကြောင်း ပညာ) ပြည့်စုံ သော ပါရမီ ရှင်တို့နှင့်သာထိုက်တန် သောအလုပ်မျိုး ဖြစ်ပါသည်။ ဒေါက်တာ ဘမော်သည် ဤအချက်အား လုံး နှင့်ပြည့်စုံသူပါ။ သူသား သမီး ၆ ယောက် အနက် သမီး အကြီး ဆုံး တင်ဇာ မော်နိုင်တယောက်ထဲသာ နိုင်ငံခြား သို့ပညာ သွား မသင်ရသော်လည်း မဟာဝိဇ္ဇာ အောင်ပြီး ၊ ရန်ကုန်တက္ကသိုလ်တွင် ကျောင်း ဆရာလုပ်ခဲ့ပါသည်။ ကျန် ၅ ယောက်စလုံး နိုင်ငံခြား မှတက္ကသိုလ် များ မှ တန်း ကုန် အောင်သင်ကြား တတ် မြောက် ခဲ့ကြပါသည်။ သား အငယ်ဆုံး (ကိုဘိုနီ) အား ဂျာမဏီသို့ ပိသုကာ မဟာသိပ္ပံဘွဲ့ယူရန် လေဆိပ်သို့ သူကိုယ်တိုင် လိုက်ပို့ခဲ့စဉ်က အာရေး သူ၏ကိုယ်ပိုင်ကား ဖြင့် မောင်း ပို့ခဲ့ရပါသည်။

ဂျာပန် ခေတ်အဓိပတိကြီး ဘဝဖြင့် စင်မြင့်ပေါ်က မိန့်ခွန်း ချွေတိုင်း၊ အင်္ဂလိပ်ဆက်ဆွန်တို့၊ အာရှအဖရိက ရှိ၊ ခေတ် နောက်ကျနေ သော နိုင်ငံများ ကို၊ ကိုလိုနီဘဝသို့ ပို့ခဲ့သည့်အကြောင်း ၊ ကျောင်း ဆရာလုပ်ခဲ့ဘူး သူပြီပြီ ကျောင်း သား များ ကို ကျောင်း သခင်း စာ ပို့ချသလို၊ လက်ထဲတွင် ဘာစာရွက်မှကိုင်မထား ဘဲလက်တန်း သာ ဟော ပြော ခဲ့ပါသည်။ ဆရာနန်း သွန်း ဆွေသည် ပင်၍ ပရိသတ်ထဲကတ ယောက်ဖြစ်ဘွယ် ရှိပါသည်။

သို့ကိုမြန်မာ နိုင်ငံရှိလက်ဝဲသမား တို့က၊ အလို တော်ရိဘူဇွာကြီးဟု သမုတ်ပြီး တလျှောက်လုံး ဝေဘန်ခါ အနား မကပ်ကြ သော်လည်း သူသည် ၊ လက်ဝဲဝါဒါနှင့်စပ်လျဉ်း ၍၊ ကန္တာ ကျော်ကွန်မြူနစ် ကြေငြာစာတမ်း ကြီး နှင့် အ[illegible]နီး ထွက်တန်ဘိုး နှင့်အရင်း ကျမ်း ကြီး ကို၊ ဆရာကြီး ကား လ်မက်က ဂျာမန်လိုသာ ရေး သား ခဲ့သည့်မူရင်း ကို ဘတ်မှတ်လာခဲ့ရသူပါ။ ထို့ကြောင့် ပညာရေး ဝန်ကြီး ဖြစ်လာ သောအခါ အင်္ဂလန်တွင်အင်္ဂလိပ်လိုပြန်ပြီး ပေါ် ပေါ်လောလော ရောင်း ချနေသော (လက်ဝဲဝါဒ) စာအုပ်များ ကိုမြန်မာ နိုင်ငံသို့ ရှေး ဦး စွာတင်သွင်း လာသူပါ။ ဤကိစ္စနှင့်ပတ်သက်၍၊ အင်္ဂလိပ်အစိုး ရက၊ တား မြစ် သေး သော်လည်း ၊ သူက အင်္ဂလန်မှာထုတ် ဝေထား တဲ့စာအုပ် တွေကိုဘာ့ကြောင့်ဗမာလူထုကဘတ်ခွင့်မရရမှာလဲဟုပြန်ပက်ခဲ့ပါသည်။ ဤအချက်

နှင့်ပတ်သက်၍ ၁၉၅၆ ခုနှစ်၊ စာရေးသူနှင့်ဗိုလ်ရန်နိုင်ကို ပါလီမန်ရွေးကောက်ပွဲကို၊ အတူသွားပြီး အရွေးခံစဉ်က၊ ပုလိပ်သပိတ်ခေါင်းဆောင် ဦးဝမ်း မောင်ကစာရေးသူတို့ဘက်က မဲဆွယ်ဟောပြောပေးရင်းက၊ နောက်ကြောင်းပြန်ရာ၌ မြန်မာနိုင်ငံထဲကိုလက်ဆဲစာပေးသွင်းလာတော့၊ ကျွန်တော်တို့ပုလိပ်စုံထောက်ဘက်ကအရင်ဆုံး ဘတ်ရတာပါ။ဟုဆိုပါသည်။ ထို့အပြင် မြန်မာလူမျိုးထဲက ဆရာကြီး ကားလ်မတ်စ် ဂျာမန်လိုရေးထားသည်ကို ဒေါက်တာဘမော်ထက်စော၍၊ ဂျီစီဘီအေ ဦးစိုးသိန်းကဘတ်မှတ်လာရသည်ဟုသူ ပြောပြလို့သိခဲ့ရပါသည်။ ကာလ်မတ်စ် အင်္ဂလိပ်ကို မတတ်ပါ။

ဒေါက်တာဘမော်(နောက်ဆုံး) နေထိုင်သောအင်းလျားလမ်း အမှတ် ၈၁ နှင့် အင်းလျားမြိုင်လမ်း၊ အမှတ်(၈၃) အတို့မှာ တဝင်းထဲ တခြံထဲဖြစ်ပြီး ၂အိမ်စလုံးကို စာရေးသူက ထဲထဲဝင်ဝင်၊ ဝင်ထွက်သွားလာပြီး၊ စာရေးအိမ် သောက်ရေအိမ်ဖြစ်ပါသည်။ သားသမီးများ၏အိမ် ထောင်ရေးကို တခွန်းမှဝင်မစွက်ပါ။ ပညာကိုသာပြည့်စုံအောင်၊ မိမိတို့ကိုယ်ပိုင်ငွေကြေးဖြင့်ပို့လွှတ်ခဲ့ပြီး၊ တန်းကုန်အောင်သင်ပေးခဲ့ကြပါသည်။ ပညာကိုသာအမွေပေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင်၊ နိုင်ငံရေး ခေါင်းဆောင်တယောက်ကို၊ နာမည်တပ်ပြီး၊ ဒေါက်ကာဘမော်(အို့အို့)ဟု ဂိုင်းဂိုင်း စိုင်းစိုင်း အုံးအုံး ကြွက်ကြွက်ဟစ် အော်ပြီး ဆန္ဒပြခဲ့ရာ၊ ထိုအချိန်ကသူသည် နတ်မောက်လမ်းတွင် နေထိုင်လျက်ရှိပါသည်။ ထိုပွဲကြီး ပွဲကောင်းတွင်စာရေးသူလဲပါဝင်ဆင်နွှဲခဲ့ပါသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံတုံးကဖြစ်ပါသည်။ ၁၉၄၂ ခုနှစ် သူ အဓိပတိဖြစ်လာသော်အခါ ဘယ်သူ့ကိုမျှလက်စားချေသည်မရှိပဲ၊ နိုင်ငံရေး အုပ်ချုပ်ရေး ရာထူးများကိုတန်ရာတန်ရာ ပေးခဲ့ပါသည်။ စာရေးသူကို ပင်ရှမ်းပြည်တွင်မြို့ပိုင်လုပ်ဖို့ခန့်ခဲ့ပါသေးသည်။ လက်မခံခဲ့ပါ။

အထက်တွင်(တန်ရာတန်ရာ)ဟူသော စကားလုံးကိုသုံးခဲ့ရာ အလွန်အရေးကြီးပါသည်။ အာဏာရှင်အမိန့်(၇)ချက်ဟူသော ကြေငြာချက်တွင် (အင်္ဂလိပ်တို့ဘက်မှ) စစ်မကူထမ်း၊ ကမ္ဘာမှာလဲအာဏာရှင်တို့အဲ အာဏာရှင်ဟူသောစာတမ်း ကြောင့်သူကို ထောင်ချရာတွင်မိုးကုတ်ထောင်တွင် ထားပါသည်။ ထောင်ဆရာဝန်က ဒေါက်တာဦးသိန်းဖေပါ၊ အကြောင်းတိုက်ဆိုင်၍ ဖော်ပြလိုပါသေးသည်။ ဒေါက်တာသိန်းဖေ၏ဇာနီး ဒေါ်ခင်သောင်းမှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏အစ်မအရင်း တော်စပ်ပါသည်။ မြန်မာပြည်ထဲသို့ ဂျပန်ဝင်လာသောအခါ၊ ဒေါက်တာသိန်းဖေကသူ့ကို ထောင်ထဲကထုတ်ပြီး ဘေးလွတ်ရာသို့ပို့ပြီး ဖွက်ထားခဲ့ပါသည်။ လူ့အဘိုး တန်မှန်သိ၍ကယ်တင်ထားခဲ့သည်မှန်၏ ဂျပန်ခေတ်အဓိပတိကြီး ထံတွင်ရာထူးတောင်းကြသောအခါ

ဒေါက်တာသိန်း ဖေကများများစားစား မဟုတ်(တဆင့်မြင့်သော) မြို့နယ်ဆရာဝန်က နေ(ခရိုင်ဆရာဝန်)သာ တောင်း သော်လည်း သူ့အသက်သခင် မှန် သော်လည်း ၊ မပေးခဲ့ပါ။ ဒေါက်တာသိန်း ဖေခင်ဗျား ခရိုင်အဆင့် ရာထူး လိုချင်ရင်ရပါတယ်။ ခရိုင်ဝန်လုပ်ပါဟုဆိုပြီး အင်းစိန်ခရိုင်ဝန်ခန့် ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ စာရေးသူ ဒေါက်တာသိန်းဖေနှင့် တွေ့စဉ်က ကျုပ်တို့ဆရာကြီး က တော့ဗျာ၊ ကျုပ်အယ်လ်အင်ပီသာ အောင်ထား ဒါကြောင့် ခရိုင်ဆရာဝန်မှ ခွဲစိတ်ခွင့်ရှိမှန်း သိ~~ပေမဲ့~~တော့ လူ့အသက် တွေကိုလက်တဲ့စမ်း တဲ့အလုပ်ကိုလုပ်ခွင့်မပေးဘူး ဗျတဲ့၊ အင်းစိန်နေအိမ်တွင်ပင် ဒေါ်ခင်သောင်း ကအရင် ဒေါက်တာသိန်း ဖေကနောက်မှကွယ်လွန်ခဲ့ကြပါပြီ သူ့အသက်သခင် သော်မှ တန်ရာကိုသာပေး ပါသည်။

ဒေါက်တာဘမော် ကိုဆရာဇ်ယနိတ ယောက်ျားလူအများကမှတ်ယူ ထားသော်လည်း ဘုရားရှိခိုး ကျောင်းကိုတခါမှမတက်ခဲ့ပါ။ သူ တော်ကောင်း ယောင်ဆောင်သောအလုပ်ကိုသူအလွန်စက်ဆုပ်ပါသည်။ သူ့အိမ်တွင်မြန်မာ ရဟန်းတော်များကြွရောက်လာလျှင် ထိုင်တို့မှန်စီ ရွှေချသလွန်လုပ်ထား ပါသည်။ ရဟန်းတော်များများကလည်း သူကိုအသဲခွဲသဘောကျကြပါသည်။ နာမည် ကျော်သာယာဝတီဦး ဩဘယျဆိုလျှင် အသက်ထက်ဆုံး ထောက်ခံခဲ့ပါသည်။
၁၉၅၆ ခုနှစ်စာရေးသူနှင့်ဗိုလ်ရန်နိုင်တို့ပါလီမန်ရွေးကောက်ပွဲဝင်ခဲ့ စဉ်က ရမည်းသင်းနှင့်ပျော်ဘွယ်အနောက်(ရန်အောင်)မဲဆန္ဒနယ်တွင် ဝင်အရွေးခံခဲ့ကြပါသည်။ ဤနယ်မြေမှာ ဒေါက်တာဘမော်ပဌမဆုံး ပါလီမန်ရွေးကောက်ပွဲဝင်ခဲ့သောမဲဆန္ဒနယ်ဖြစ်ပါသည်။ ရန်အောင်ရွာ နီဗ ဒေါင်ဆရာ တော်ဘုရားကြီး ဆိုလျှင် ဩဇာထက်မျက်ပြီး သူကိုအလွန်သဘော ကျသည်ကို [illegible] စာရေးသူကိုယ်တွေ့သိခဲ့ရပါသည်။

ဒေါက်တာဘမော်ကွယ်လွန်သောအခါ ဘယ်သတင်းစာကမှသတင်း အဖြစ်ဖော်ပြခြင်းမရှိခဲ့ပါ။ သူ့ကလဲအစဉ်းသိမ့်၊ နာရေးကြော်ငြာကို သူကိုယ်တိုင်ရေးထားခဲ့ပါသည်။ သင်္ဂြိုဟ်ပြီး စီးခြင်းဟု ခေါင်းစဉ်တပ်ထား ပါသည်။ သူငယ်ငယ်စဉ်ကသာမန်တီဟိတ်က လေးသာဖြစ်ခဲ့ပြီး အသက်ရင့်လာ မှ တီဟိတ်ကြီးဖြစ်လာသည်ဟုဆိုထားပါသည်။ မိမိ၏နာရေးကြော်ငြာကို ကိုယ်တိုင်ရေးသားခဲ့သူပါ။ ရဟန်းတော်များအိမ်ရောက်လာလျှင် သူကကြမ်း ပြင်ပေါ်တွင်ထိုင်ပြီး လက်အုပ်ချီ၍ဆက်ဆံပါသည်။ မြန်မာဗုဒ္ဓဘာသာအမည်ခံ ခေါင်းဆောင်များထဲက၊ ဤလိုဂါရဝပြုသူကိုစာရေးသူမတွေ့ဘူးခဲ့ပါ။

သူ့အ[illegible]ဘောကြီး ကိုမီး သင်္ဂြိုဟ်တို့ဘယ်သူကစီမံ ဒါလဲဟု [illegible] မေး သောအခါ ဆရာကြီး ကိုယ်တိုင်စီမံခဲ့ဒါပါတဲ့၊ ထိုအချိန်က ဗိုလ်ရန်နိုင်ပြည်ပြေး ဘဝရောက် နေပါသည်။

၁၉၂၆ ခုနှစ်၊ ပြင်သစ်ပြည်၊ ဘော်နီတက္ကသိုလ်မှ၊ (ပီအိတ်ချ်ဒီ) ပါရဂူဘွဲ့ရခဲ့ပါသည်။ ထိုအချိန်က တရုတ်ပြည်တွင်ကွန်မြူနစ် ပါတီ ပင်မတည်ထောင် ရသေးပါ၊ ကန္တာကျော် ချောင်အင်လိုင်း၊ ၎င်း၏ဇနီး တိန်ရင်ချောင်း နောက်ဆုံး လက်ကျန် (တိန်ရှောင်ပင်) လူပုကလေး တို့မှာပြည် ပြေးဘဝ နှင့်ရှိကြပါသည်။ လမ်း ပေါ်သန္တပြပွဲများ တွင် ဒေါက်တာဘမော်လဲ ပါ ဝင်ဆင်လွှဲ လေ့ရှိပြီး ၊ ရဲက ဘယ်နက်ဖြင့်ပြစ်ခတ်ဖြိုခွင်း သောအခါ၊ လမ်းဘေး ရေမြောင်းထဲဆင်း ပြီး ပုန်း အောင်ခဲ့ရပုံ တွေကို နောက်ကြောင်းပြော ပြလေ့ရှိပါသည်။

၁၉၄၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း နှင့်တကွအာဇာနည် ခေါင်း ဆောင်ကြီး များ လုပ်ကြံခံရသဖြင့်၊ လူဘမ်း ပွဲကြီး ဆင်နွှဲ သောအခါ ဗိုလ်ရန်နိုင်လဲ ပါသွား ပါသည်။ ဂဠုံဦး စောကိုဘမ်း သည်မှာ သဘာဝကျသော် လည်း ဗိုလ်ရန်နိုင်က (မဟာဗမာ) ဖြစ်လျှက်နှင့်ခိုလိုက်ရပါသည်။ ထိုအချိန်က ပုဒ်မ (၅) ဖြင့်အဘမ်း ခံထား သူတို့အထွက်ဘယ်သူတဦး တယောက်ကမှ ဘာလုပ် ရမှန်း မသိခဲ့ကြပါ။

၅၂ တွင် ဒေါက်တာဘမော်က ရွှေနေအဖြစ်၎င်း ၊ တင်ဇာမော် နိုင်က နစ်နာသူအဖြစ် (တရားလို) အဖြစ်၎င်း ၊ အစိုး ရအား လျှောက် ထား ခံရသူအဖြစ်၎င်း ၊ တရား လွှတ်တော်ချုပ်တွင် (အမှုခေါ်စာချွန် တော်) ထုတ်ဆင့်ပေး ပါရန် လျှောက်ထား ခဲ့ပါသည်။ အောင်မြင်ခဲ့ပါသည်။ ထိုမှ နောင်တွင်ပုဒ်မ (၅) ဖြင့်အဘမ်း ခံထား ရသူများ (အမှုခေါ် စာချွန်) လျှောက်ထား ရကောင်း မှန်သိလာကြပါသည်။ စံပြအမှုဖြစ်ပါသည်။

၎င်း အမှုကိုကြား နာစဉ်က ဥပဒေ လောကတွင်၊ အလွန်စိတ် ဝင်တစား နှင့်လာ ရောက် လေ့လာကြပါသည်။

တရား ခံဘက်ကသာ ရွှေနေလိုက်ခဲ့ပါသည်။ သူ့အိမ်တွင်ဆရာစံ အမှု၏တရား ဝင်မိတ္တူကူး ယူပြီး စာအုပ်ချုပ်ထား ပါသည်။ ဂဠုံဦး စော က အမှုတွင်ဘာမှကူညီခြင်း မရှိပဲ၊ အင်္ဂလိပ်စစ်တပ်ကသူပုန်တို့၏ (ဦး ခေါင်း ကိုဖြတ်ပြီး ) ချေး ချေပေါ်တန်း စီခါတ်ပုံ ရိုက်ပြသည့်ပုံ (သူရိယသတင်း စာ ထဲတွင် ဖော်ပြပြီး ) ကို အီလပ်သို့ပို့ပြီး အင်္ဂလိပ်အစိုး ရ၏ (ရိုင်း ပြမှု) ကို ဖော်ပြ၍ (ဂဠုံနာမည်ကိုယူခဲ့ပါသည်။ ၅၂ လုပ်ပုံကို ဒေါက်တာဘမော် ပြော ပြမှ စာရေး သူတို့နား လည်ကြရပါသည်။ ဦး စော (ဂဠုံနာမည်) ဘယ်ပုံ ရသည်ကိုမသိခဲ့ပါ။

သခင်နု ခေါင်းဆောင်သော၊ ၁၉၃၆ ခုနှစ် ကျောင်းသား သပိတ်တုံးက ( ရွှေးဦးစွာ တောင်းဆိုချက် ၁၀ ချက်ဖြစ်ပါသည်။ ) ဒေါက်တာဘမော်က ခေါ်ယူတွေ့ဆုံပြီး ကိုနု တောင်း ဒါနဲ့ နေသေးတယ်၊ နောက်ထပ် ဖြည့်အုံး ဟုဆိုပါသည်။ ကျောင်းအုပ်ကြီး မစ္စတာစလော့ဂ်ကိုကိုယ်လဲ မကြိုက်ဘူး ၊ တက္ကသိုလ်ကို အုပ်ချုပ်ထားတာ အီးနိတ်၊ ဆီးနိတ်ဂဲ့အဓိပတိကဘုရင်ခံလေး ၊ ထိုအချိန်မှစ၍ ကျောင်းသား ၊ ခေါင်းဆောင်အားလုံး သူ့ကိုအလွန်ကြည်ညိုသွားပါသည်။

ကိုကြီးနုက ၅ နှစ်ရာသီ ဗမာပြည်စာအုပ်ကိုလွတ်လပ်ရေး ရပြီး စပူပူနွေး ရေးသား ထုတ်ဝေသဖြင့်၊ အားလုံး ကိုလိုမှန်ကန်ပြီး စံထား လောက်ပါသည်။ ထိုစာအုပ်တအုပ် ဒေါက်တာဘမော်သို့၊ သခင်နုတ့ကိုယ်တိုင် လက်မှတ်ရေးထိုး ပေး ခဲ့ သည်ကို၊ စာရေးသူကိုယ်တိုင် တွေ့မြင်ခဲ့ရပါသည်။ ကိုကြီးနုပြည်ကြေး ဘဝတွင် ရေးသား ခဲ့သော ( စနေသားကြီး ) စာအုပ်မှာ အလွန်ရှော်သွား ပါသည်။ ဗိုလ်ချုပ် အောင်ဆန်း ကလည်း လွတ်လပ်ရေး ရ ကိုယ်စားလှည်းအဖွဲ့ ခေါင်းဆောင်အဖြစ်ရွှေ့သွား ခဲ့ပါသည်။ အောင်သွယ်လုပ် ပေး သူမှာ ယခုတိုင်အသက်ထင်ရှား ရှိနေပါသေး သည်။

အိုင်စီအက်စ်ဦး အုံး (ဆန်ရှူ) ဦး အုံး မှာ၊ ဒေါက်တာဘမော်၏အစ်မအရင်း က မွေး ဖွား သူပါ။ ကိုကြီး နုအစိုး ရလက်ထက်သူ့အိမ်တွင်အခါများ စွာ တွေ့ဘူး ပါသည်။ ဒေါက်တာဘမော်ကို ( ဦး လေး ) ဟု ခေါ် လေ့ရှိပါသည်။ ဒေါက်တာဘမော်အိမ်တွင် ( အား လုံး ) ဗမာလိုချည်း ပြောဆိုကြပါသည်။ ဦး လောရုံလာ သော်အခါတွင်၄င်း ၊ မဟာဗမာပါတီအတွင်း ရေးမှူး စောဂျင်မီကျော်အေး နှင့်၄င်း အင်္ဂလိပ်လို ပြောကြပါသည်။ အိမ်သား ချင်း ချင်း ဗမာလိုဘဲ ပြောကြပါသည်။

ဒေါက်တာဘမော်အပြင်း ဖြေဓါတ်စက်ဖွင့်ရာတွင်အား လုံး ဂျာမန်သီချင်း ချည်း သာဖြစ်ပါသည်။

အခါများ စွာကမ္ဘာကျော် ၊ ရိုဒ်ဒိုင်ချက် ၊ ( စာပဒေသာ ) မဋ္ဌဇင်း ကြီး ကစာလုံး ရေ ၆၀၀ ထက်မပိုသော ( ဆောင်း ပါး ) များ ကိုတောင်း ဆိုသဖြင့် ရေး ပေး ခဲ့သည်ကိုအမှတ်ရခဲ့ရပါသည်။

ဂျာပန်အစိုး ရကမြန်မာအား လွတ်လပ်ရေး ပေး သောအချိန်ကို အမေရိကန်ပြည် ယောင်စုရေး လ်တက္ကသိုလ်စာကြည့်တိုက်တွင် ပို့ထား ပါသည်။ သူ့သမီး တယောက်ကိုလဲ၊ ရွှေး ဟောင်း ပစ္စည်း ထိန်း သိမ်း စောင့်ရှောက်ရေး ပညာကို အင်္ဂလန်နိုင်ငံတွင်သွား သင်စေပြီး ဘွဲ့ယူထား စေပါသည်။

သူစကား ပြောသောအခါ( အင်္ဂလိပ်လို ) စကားလုံး ညှစ်ပြီး ဘယ်တော့မှမပြောပါ။ စာရေးသူကဘာကြောင့်ပါလဲဟု မေးသောအခါ၊ ဆရာကြီး အမ်ပွါယီ ကောက်ပုံနဲ့၊ ~~နား ထောင်တဲ့လူအမ်ပွါယီ ကောက်ယူပုံ~~ နား ထောင်တဲ့လူအမ်ပွါယီ ကောက်ယူပုံချင်း မတူရင်တမျိုး ဖြစ်သွားနိုင်လို့ပါတဲ့

စစ်ကြိုခေတ်က၊ ဂျာပန်ပြည်သို့စစ်ပညာသင်ကြားရန်လူပို့ပေးဘို့အခွင့်အရေး သူလဲရရှိခဲ့ပါသည်။ သူကပညာအခြေခံနဲ့ပါ။သူဟိုလက်ထဲတိုင်းပြည် ရောက်သွားလျှင်ဒုက္ခရောက်နိုင်သည်ဟုယူဆပြီး ၊ ဘွဲ့ရတွေကိုချည်းလိုက်ရှာခဲ့ရာ၊ တယောက်မှမရခဲ့ပါ။ သူ့သားမက်ဗိုလ်ရန်နိုင်သည်ပင်၊ လွတ်လပ်ရေးရပြီးမှ၊ နောက်ဆုံးနှစ်ဖြေပြီး ဘွဲ့ယူခဲ့ရပါသည်။ ဗိုလ်ရန်နိုင်၏ အရင်းနှီးဆုံး ဗိုလ်ချုပ်ကျော်ဇော( သခင်ရွှေ )မှာလည်း ပင်စင်ရပြီးမှ အင်္ဂလိပ်စာတဘာသာထဲကို ဖြေဆိုပြီး အထက်တန်းအောင်မြင်ခဲ့ပါသည်။ ရဲဘော်သုံးကျိတ်ထဲတွင်နာမည်ပျက်မရှိသူ ၂ ယောက်ပါ။

စာရေးသူသည် ဤစာကို ရေးရာ၌ မှတ်ဉာဏ်တခုတည်းကိုသာအားထားပြီး ၊ ဘာစာရွက်စာတမ်း အထောက်အထားတခုတလေမှကိုးကားနိုင်ခြင်း မရှိသောကြောင့်ချွတ်ယွင်းချက်များကို ထောက်ပြသူရှိလျှင် ဝမ်းပန်းတသာကြိုဆိုလက်ခံရန်အသင့်ရှိပါသည်။ အသေးစိတ်အချက်အလက်များ သိလိုသူရှိလျှင်လည်းမေး မြန်းနိုင်ကြပါသည်။

ဒေါက်တာဘမော်အကြောင်း ဖော်ပြရာတွင် ၄င်း၏ဇနီး ဒေါ်ခင်မမမော်အကြောင်း ချန်လှပ်ထား၍မဖြစ်ပါ၊ စာရေးသူက၊ သူမကို( အန်တီကြီး )ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိပါသည်။

သူတို့ဇနီး မောင်နှံနှင့်စာရေးသူတို့မကြာခဏ ၃ပွင့်ဆိုင်ဆုံမိတတ်ကြပါသည်။ အန်တီကြီး ကမင်းတို့ဆရာကြီး ၅ယောက်စားဘဝတုံးက တလ ၅၀၀၀ိ/- ရပေမဲ့၊ အိမ်ကိုတပြားမှပါမလာဘူး ။ ဤစကားမှန်လောက်ပါသည်။ ဒေါက်တာဘမော်သည် ငွေ ၁၀ိ/-ကိုစနစ်တကျကိုင်တွယ်ရေတတ်သူမဟုတ်ပါ။

အမေရိကန်စစ်တပ်ဂျာပန်ကျွန်း ပေါ်ရောက်နေစဉ်က ဒေါက်တာဘမော်မှာ ဆူဂါမိုထောင်ထဲတွင်( စစ်သုံ့ပန်း )အဖြစ်အဖမ်းခံနေရပါသည်။

ချိုက်တော

~~ချက်~~သတင်း ထောက်က ထောင်ထဲဝင်ပြီး ဒေါက်တာဘမော်ကို ခေါင်းဆောင်ကြီး ၊ စစ်အတွင်းတုံးက အင်္ဂလိပ်နဲ့အမေရိကန်ပြည် ထောင်စုကိုစစ်ကြေငြာခဲ့ဒါဘာ ဖြေ မလဲဟု မေးခွန်းထုတ်သောအခါ။

စစ်အတွင်းက ဗမာပြည်မှာဖြစ်ပျက်သမျှအားလုံး ကျွန်ုပ်တာဝန်ယူ ပါတယ်တဲ့။

ထိုအဖြေနှင့်ပတ်သက်၍ ရန်ကုန်တွင်ရှိနေသောအန်တီကြီးအား ရိုက်တာသတင်းထောက်က မေဒန်ဝို့ခင်ပွန်းက ဖြေဒါကိုဘာ ပြောချင်ပါသလဲ ဟုမေး သောအခါအန်တီကြီးက ကျွန်ဘဝရောက်နေတဲ့တိုင်းပြည်တခုဟာ မိမိ လွတ်လပ်ရေး အတွက် ဆောင်ရွက်ချက်အားလုံးဟာ (တရား ဒါချည်း ပါပဲ) တဲ့

အန်တီကြီး သည်စာရေး သူ၏ နေအိမ်သို့မကြာခဏရောက် လေ့ရှိပါ သည်။ စာရေး သူ၏ဇနီး နှင့်လည်းရင်း နှီး ပါသည်။ စာရေး သူနှင့်ဗိုလ်ရန်နိုင် တို့ (ရွေး ကောက်ပွဲ) သွား နေစဉ်က၊ တိုင်ပင်ပြီး စား ရိတ် ထောက်ပန့်ပြီး ရက်ရက် ရော ရောအား ပေး ခဲ့ကြပါသည်။

တိုင်း ပြည်လွတ်လပ် ရေး ရပြီး နောက်မှ တင်ထား သော မှတ်တမ်း မှာ ကြောက်စရာ ကောင်း လောက် အောင်ကိုယ်လိုရာဆွဲထား သည်ကို တွေ့နိုင် ပါသည်။ နှောင်း လူတို့အဖို့ ရင် လေး ဘွယ်ဖြစ် ပါသည်။

မြန်မာနိုင်ငံတွင် (သေရဲဒါအလံနီ) ဟူ သော ကြွေး ကြော်သံကို၊ တံခွန် ထူခဲ့ သော်လည်း ပုန်ကန်ရန်ကြံစည်မှုနှင့်ရုံး တင်တရား စွဲ သောအခါကျွန် တော် လက်နက်ချဘို့လာဒါပါဟုသ ဝေထိုး သွား ပါသည်။

မိုး ကုတ် ထောင်ထဲတွင်ချုပ် နှောင်ထား စဉ်က၊ စတား ကလစ်နှင့် ထား ပါသည်။ ထောင်နှင့် ပေတရာ လောက်သာ ဝေး သော ဦး ဘကြည်၊ ဒေါ်ပု တို့အိမ်တွင် နေ့လည်တ နေ့လုံး နေပြီး ညကျမှ ထောင်ထဲ ပြန် အိပ် ပါသည်။ ထောင် ဆရာဝန်၏ စောင့် ရှောက်မှုပါ။

၁၉၅၆ ခုနှစ်က၊ ဦး ဘ ဘောအား စစ်တပ်နှင့် ပေါင်း ပြီး အာဏာ သိမ်း ရန်ကြံစည်မှုဖြင့်အင်း စိန် ထောင်ထဲတွင်ချုပ် နှောင်ထား ပါသည်။ ဦး ဘ ဘောနှင့် ဒေါက်တာဘမော်တို့မှာနိုင်ငံ ရေး ပြိုင်ဘက်များ ဖြစ်ကြပါသည်။ အင်း စိန် ထောင်ထဲသို့ ဒေါက်တာဘမော် ဝင်ပြီး ဦး ဘ ဘောအမှုကို ရှေ့နေလိုက် ပေး ပါရစေဟုခွင့် တောင်း ရာမရခဲ့ပါ။ စာ ရေး သူက ရှေ့နေစာ ရေး အဖြစ်နဲ့လိုက်သွား ရပါသည်။

ဦး ဘ ဘောကိုနုက ပေါ် ကြောင်ကြောင်နဲ့ (ရေတိမ်နစ်သွား နိုင် တယ်) ဟု ပြော သော်လည်း မရပါ။

ဦး ဘ ဘောလွတ်လာ သောအခါ၊ ဘကြီး ဒေါက်တာဘမော်ကိုဘာဖြစ်လို့ ရှေ့နေလိုက်ခွင့်မပေး ရဒါလဲဟုမေး သောအခါသူကလွတ် အောင်လုပ်မှာ၊ ဘကြီး ကစွဲချက်အတင်ခံချင် နေတာ၊ စွဲချက်တင် တော့မှ ကိုနုကိုပါ ၁၉၄၉ ခု နှစ်ကစစ်တပ်နဲ့ ပေါင်း ပြီး အာဏာသိမ်း ရန်ကြံစည်မှုကို ၁၉၅၆ ခုနှစ်ကျမှ

တရား စွဲဒါဟာ (ထိန်ချန်) တယ်ဆိုပြီး ဆွဲထဲ့မလိုက်ကြတဲ့။

ဤအကြောင်းကို ဒေါက်တာဘမော်အား ပြန်ပြောသောအခါ သူက နိုင်ငံရေး ဝါလဲ ရင့်တယ်၊ ~~အတော်အတော်ကြီး~~ ပြီး အတွေ့အကြုံလဲ များ တော့ သူ့တွက်ကိန်း ကသိတ်မှန်ဒါ ပေါ့တဲ့။

ဤစာရေး ချိန်တွင် ဦးဘဘောလဲ မရှိတော့၊ ဒေါက်တာ ဘမော်လဲ မရှိတော့၊ ကိုကြီး နုလဲ မရှိတော့ပါ။ ဤနိဂုံးကို ဒေါ်တင်ဇာမော် နိုင် သို့တစောင်၊ ၎င်း သမီးကြီး ဒေါ်ရဲမာသို့တစောင် ပေး ပို့ပါသည်။

၃၀-၄-၉၀

၃၀/၄/၉၀

( စိုး လွင် )

အမှတ်-၁၃၊ ဝါး ထဝ်ကြီး ဘုရား လမ်း

ဗဟန်း၊ ရန်ကုန်မြို့။